# ဘုရားသခင်ထံမှမေတ္တာလက်ဆောင်

(ဒေါက်တာတင်မောင်ထွန်း)

သခင်ခရစ်တော်၏မွေးနေ့တော်သည်ကမ္ဘာ့သမိုင်းတွင်ရှိခဲ့သောဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ 'တော်' ဟူ သောဝေါဟာရကို သတိပြုမိမည်ဆိုပါက ဖွားမြင်ခြင်းခံတော်မူသော ပုဂ္ဂိုလ်သည် ဘုရားရှင်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။ လောကတွင် လူတို့သည်တစ်ဦးနှင့် တစ်ဦးခြားနားမှုအမျိုးမျိုးရှိကြပါသည်။ ညီအစ်ကိုရင်း ဖြစ်လင့်ကစားပညာကွာခြားကြသည်။ စွမ်းရည် ကွာခြားကြသည်မွေးရာပါဇီဝသဘာဝ ကွာခြားကြသလို ဝီရိယနှင့်ကြိုးစားမှုကြောင့် ခံစားရသောရလဒ်သည်လည်း ကွာခြားကြသည်။ ထိုနည်းတူ ဘုရားရှင်၏သားသမီးများ အနေဖြင့်လည်း ခံစားရသောကျေးဇူး မင်္ဂလာမှာ မကွာခြားကြသော်လည်းကောင်းချီးမင်္ဂလာခံစားရမှုကား ခြားနားကြပါသည်။ ဤသို့ ခြားနားရခြင်းမှာ ခရစ္စမတ်၏ သစ္စာတရားကြောင့်ဖြစ်သည်။

## တစ်ဆင့်နောက်တစ်ဆင့်

(ကမ္ဘာ ၁၂) တွင်အာဗြံ အမည်ရှိ လူတစ်ဦးကိုတွေ့ရသည်။ သူသည် လူသားထဲမှလူသားတစ်ဦးဖြစ်ပါသည်။ အစကနဦးတွင် ဘုရားသခင်က သူ့အားအမည်နာမနှင့်ခေါ်၍ နှုတ်ဆက်ပြီး စကားပြောပါသည်။ ထိုနောက်တွင် အာဗြံသည် ထာဝရဘုရားအတွက် ယဇ်ပုလ္လင်ကို တည်လျှက် ကိုးကွယ်ခြင်း ပြုပါသည်။ နောက်ပိုင်းတွင်'အာဗြဟံ' ဟူသောအမည်သစ်ကို ဘုရားရှင်ထံမှခံရပါသည်။ အာဗြဟံသည် မိမိဖွားသောသား ဣဇက်အား ဘုရားသခင် အကြောင်းတစ်ဆင့် ပြန်၍ အသိပေးပြောပြသဖြင့်ဣဇက်သည် ဘုရားရှင်ကို သိရှိကိုးကွယ်ခဲ့ပါသည်။ ဣဇက်မှတစ်ဆင့် ယာကုပ် နှင့် ဧသောတို့သည် ဘုရားရှင်ကို သိရှိခွင့်ရခဲ့ပါသည်။ ဤကဲ့သို့ တစ်ဆင့်နောက်တစ်ဆင့်ကြား ခဲ့သောဘုရားရှင်၏ဧဝံဂေလိတရားစကားသည်မြန်မာပြည်သို့ ရောက်ရှိလာခဲ့သည်ဖြစ်၍ ယနေ့ကျွန်ုပ်တို့သည် ထိုတရားစကားကိုကြား၍ မြည်းစမ်းပြီးနောက်သက်သေရကြသဖြင့် ကိုယ်တော်ကိုသိရှိယုံကြည်ခွင့်ရခဲ့ပါသည်။

## တရားနှင့်ဘုရား

ဤလောကထဲတွင် တရားကိုအခြေထား၍ အမှီပြုအသက်ရှင်နေကြသူများရှိသလို၊ အသက်ရှင်သောဘုရားနှင့် ပုဂ္ဂိုလ်ချင်းထိတွေ့ပြီးအသက်ရှင်နေသည့်သူများလဲ ရှိနေပါသည်။ တရားကိုအခြေထား၍ အမှီပြုသူသည် စိတ်နှလုံးငြိမ်သက် အေးချမ်းမှုမရှိပါ။ တရားကအသိပေးဖော်ပြ၍ ကံသုံးပါးဖြင့်မှားခဲ့မိသော ဒုစရိုက်များ၏ဖိစီးမှုကြောင့် ထိုသူအတွက် တမလွန်၌ ဘဝအာမခံချက် မရှိပေ။ မကောင်းသော ဒုစရိုက်အကျိုးကြောင့် အပါယ်လားရမည်ဟု ယနေ့အတွင်း စိတ်က အသိပေးသဖြင့် တမလွန်အရေးမျှော်တွေးလေတိုင်း ရတက်မအေးနိုင်အောင် ဖြစ်ရသည်။ ဘုရားနှင့်ပုဂ္ဂိုလ်ချင်းထိတွေ့ သိရှိရသူမှာ တရားသာ သိသူကဲ့သို့ မဟုတ်ဘဲ ဘုရား၏သက်သေကို မြင်တွေ့ခံစားပြီးမှ ကတိတော် အပေါ် ယုံကြည်အမှီပြုသောကြောင့် မနောဝိညာဉ်၏ ငြိမ်သက်ချမ်းသာ မှုနှင့် တမလွန်ကိုရင်ဆိုင်ရန် အသင့်ရှိသူဖြစ်သည်။

ယာကုတ်သည် ပထမပိုင်းတွင် အဘဣဇက်ထံမှ ဘုရားသခင်၏ အကြောင်း ကြားသိရပြီးအသိနှင့် ရှင်သန်နေသူဖြစ်သည်။ သို့သော် ယာကုပ်သည် ဘုရားရှင်ကိုအလေးထား အာရုံပြုသူဖြစ်သဖြင့် ခရီးသွား၍ လမ်း၌ နားနေအိပ်စက်ချိန်တွင် ဘုရားရှင်က အိမ်မက် ရူပါရုံဖြင့် အတွေ့ခံခဲ့ပါသည်။ ထို့အတူ ကျွန်ုပ်တို့တစ်ဦးစီသည်လည်း အသက်ရှင်တော်မူသော ဘုရားရှင်၏ တရားစကားကို ကြားသိရသော အခါလက်တွေ့သက်သေရဖို့ရန် ဘုရားရှင်အားခေါ်ကြည့်ပါ။ မြည်းစမ်းကြည့်ပါ။ သို့ပြုပါက တရားစကားသက်သေကိုသာ ကြား၍ ယုံကြည်သူမဟုတ်တော့ဘဲ နှုတ်ကပတ်တော်ကို ယုံကြည်စေအံ့သောငှာ ဘုရားရှင်ထံမှ သက်သေထူ အတည်ပြုမှုကိုယာကုပ်ကဲ့သို့ ခံစားရမည်ဖြစ်သည်။

## ဓမ္မအာဟာရ

လူသည်ဝဋ်ကြွေးဝဋ်ကံပိ၍ ထာဝရဘုရားနှင့် ဝိညာဉ်သဟာယ ပြတ်တောက်နေသဖြင့် ကျွန်ုပ်တို့ အားအပြစ်သားဘဝမှလွတ်ငြိမ်း ချမ်းသာခွင့်ရစိမ့်သောငှာ ဘုရားစင်စစ်ဖြစ်လျက်နှင့်ခရစ်တော်သည် အပျိုကညာ၏ဝမ်းတွင်ပဋိသန္ဓေယူ၍ ဖွားမြင်ခြင်းကိုခံတော်မူခဲ့ပါသည်။ ထိုအရှင်သည် တရားသက်သက်ကိုသာပေးသော အရှင်မဟုတ်ပေ။ အပြစ်ကြောင့် ဘုရားရှင်နှင့် ဝိညာဉ်သဟာယပြတ်တောက်နေသော လူသားများ

အတွက် ဓမ္မအဟာရပြည့်စေရန် ကြွလာသော အရှင်ဖြစ်ပေသည်။ ထိုအရှင် ကြွလာသောသတင်းကိုဟေရုဒ်မင်းနှင့် ယုဒပြည်သူပြည်သားအပေါင်းတို့ ကြားသိကြပါသော်လည်း ကိုယ် တော်ကိုယုံကြည်လက်ခံခြင်းမရှိ ကြပါ။ ထိုနည်းတူ ယနေ့ လူမြောက် များစွာတို့သည် နှုတ်ကပတ်တော်စကားအား ကြားသိကြရသော်လည်း ကိုယ်တော်ကိုယုံကြည်ခြင်း မရှိ ကြပါ။ ထို့ထက်သာ၍ဝမ်းနည်း စရာကောင်းသည်မှာ ခရစ်ယာန် အများစုသည်ကိုယ်တော် အကြောင်းကိုသာသိရှိကြပြီး၊ ခရစ္စမတ်ပွဲကို အကြိမ်ကြိမ် ဆင်နွဲခဲ့ကြသော်လည်း သူတို့အသက်တာ၌ ခရစ်တော် နှင့်အတူမပါရှိခြင်းပေတည်း။ သို့ဖြစ်၍ မေတ္တာနှင့်သတိပေးလိုသည်မှာ ကျွန်ုပ်တို့သည် တရားစကားကို ကြား၍ မထိမဲ့မြင်ပြုကာငြင်းပယ်သောသူများ မဖြစ်ကြဘဲ၊ နှုတ်ကပတ်တော်စကားမှန်ကြောင်း သက်သေရဖို့ ကိုယ်တော့်အားမြည်းစမ်းမည်ဆိုပါက နှလုံးသားကိုသိတော်မူသောအရှင်သည် လက်တွေ့ သက်သေကိုခံစားစေမည် ဖြစ်ပါသည်။

## အသက်မုန့်

ယေရှုက မိမိသည် အသက်မုန့် ဖြစ်ကြောင်း၊ မိမိထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ်မခံရကြောင်း မိန့်တော်မူ ပါသည် (ယော ၆း၃၃–၃၅)။ မည်သည့်မွတ်သိပ်ခြင်းကို ပြောပါသနည်း? သေပြီးသည့်နောက် မည်သည့်နေရာကို ရောက်မည် မသိသော ပူပန်သောကစိတ်ဖြင့် အသက်ရှင်နေသောမွတ်သိပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ထိုသို့သောအသက်တာ၌ အသက်ရှင်နေသောသူသည် ကောင်းကင်မှဆင်းသက်သော အသက်မုန့်တည်းဟူသော ခရစ်တော်ကို အသက်တာ၌ လက်ခံရမည်ဆိုပါက အတွင်းစိတ်ဝိညာဉ်ငြိမ်သက်မှုကိုခံစားရကာ သေပြီးနောက် ဘယ် ဘဝရောက်မည်ကို မသိသော စိုးရိမ်စိတ်(ဝါ) တမလွန်အတွက် စိုးရိမ်ပူပန်သော မွတ်သိပ်မှုပြေပျောက်သွားမည်ဖြစ်ပါသည်။ ယေရှုက ‘ငါ့ထံသို့ လာသောသူကို ငါသည်အလျင်းမပယ်’ ဟုကတိတော်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်က လုပ်ဆောင်ရန်ရှိသည်မှာ မေတ္တာနှင့်ခေါ်ဖိတ်နေသော ကိုယ်တော့်ထံသို့ သွားကြဖို့သာဖြစ်ပါသည်။

မေတ္တာလက်ဆောင်

ယနေ့လူသားများ ခံစားရန်အတွက် ဘုရားသခင်ပြင်ဆင်ပေးသည့် ခရစ္စမတ်လက်ဆောင်သည် အပိုင်း(၂)ပိုင်းရှိပါသည်။ ပထမပိုင်းမှာ အပြစ်ကြောင့် ကွဲကွာနေသောလူသားများသည် သခင်ခရစ်တော်အားဖြင့် ဘုရားရှင်နှင့် ပြန်လည်ဆက်သွယ်ပေါင်းသင်း၍ မိတ်သဟာယဖွဲ့နိုင်ရန်ဖြစ်သည်။ ဤအပိုင်းကဏ္ဍကိုခံစားဖို့ လူဘက်က ကြိုးစားလုပ်ဆောင်စရာ မလိုပါ။ ဘုရားရှင်ကိုယ်တော်တိုင်က မေတ္တာ နှင့်လုပ်ဆောင်ပေးသောအရာ ဖြစ်ပြီးထိုလက်ဆောင်ကိုကျွန်ုပ်တို့ ကယုံကြည်ခြင်းဖြင့် လက်ခံယူဖို့သာ ဖြစ်ပါသည်။

ဘုရားရှင်ထံတော်မှ မေတ္တာလက်ဆောင်ကိုရရှိပြီးဖြစ်လျှင် တမလွန်အရေးပူစရာမလိုတော့ပါ။ အပါယ်ငရဲမှလွတ်၍ ထာဝရကာလအာမခံချက်ကို ရရှိပြီးဖြစ်သောကြောင့် ဒုတိယပိုင်းအဖြစ် ဘုရားစကားနားထောင်လိုက်လျှောက်ခြင်းဖြင့် ကောင်းချီးမင်္ဂလာ ခံစားနိုင်ဖို့ရန်ဖြစ်သည်။

သို့ဖြစ်၍ ယနေ့ဖတ်ရှုခွင့်ရ သောဒေသနာကိုဆင်ခြင်၍ ဘုရားရှင် ထံမှမေတ္တာလက်ဆောင်ကို မခံစားရသေးပါက ယခုပင်ကိုယ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံခြင်းအားဖြင့် ဘုရားရှင်ပေးသောမေတ္တာလက်ဆောင်ကို လက်ခံရယူဖို့ဖြစ်သလို၊ လက်ဆောင်ရရှိ ခံစားပြီးသူများအနေနှင့်လည်း နေ့စဉ်အသက်တာ၌ ကိုယ်တော်၏ စကားတော်ကို နာခံအသက်ရှင်ခြင်းအားဖြင့် ကြွယ်ဝသောကောင်းချီးမင်္ဂလာခံစားရရှိသူများ ဖြစ်ကြမည့်အကြောင်း မေတ္တာနှင့်သတိပေး ဝေငှလိုက်ရပါသည်။

ဒေါက်တာတင်မောင်ထွန်း